# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်


အတွဲ(၄)၊ အမှတ်-၁၀၇

ဒီဇင်ဘာ ၁ ရက်၊ ၂၀၂၀

# ၂၀၂၀ ရွေးကောက်ပွဲရလဒ်အခြေပြု တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ

၂၀၂၀ အထွေထွေရွေးကောက်ပွဲရလဒ်အရ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များ၏ အခင်းအကျင်းသစ်နှင့် ကိုယ်စားလှယ်များပါဝင်မှုကို The Asia Foundation Myanmar က ပုံပါအတိုင်း ဖော်ပြထားသည်။ ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်များ၏ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်အချက်အချို့ကိုလည်း ယခုကဲ့သို့ အနှစ်ချုပ်ဖော်ပြပေးထားသည်။

- NLD ပါတီသည် ၂၀၁၅ တွင် တောင်ပြိုကမ်းပြိုအနိုင်ရခဲ့သည်ထက်ကို ပိုကောင်းအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း တွေ့ရသည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် တိုင်းဒေသကြီး/ပြည်နယ်များတွင် ရွေးကောက်ခံနေရာအားလုံး၏ ၈၂ ရာခိုင်နှုန်းကို NLD ပါတီကိုယ်စားပြုယှဉ်ပြိုင်သည့် ကိုယ်စားလှယ်များက ရရှိထားပြီး တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုအနက် ၁၂ ခု၏ လွှတ်တော်နေရာအများစုကို အနိုင်ရခဲ့သည်။
- ၂၀၂၀ အထွေထွေရွေးကောက်ပွဲရလဒ်အရ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် အမျိုးသမီးကိုယ်စားလှယ်အရေအတွက် သိသိသာသာ တိုးလာသည်။ တိုင်းဒေသကြီး/ပြည်နယ်တိုင်းတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်ရွေးချယ်ခံခဲ့ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ပြီး ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းရဲ့ ၁၈ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သည်။ (၂၀၁၅ ခုနှစ်တွင် ၁၃ ရာခိုင်နှုန်းရှိခဲ့သည်)။
- တိုင်းရင်းသား/ဒေသခံ ပါတီများလည်း ပြည်နယ်လွှတ်တော်များတွင် သိသာထင်ရှားသည့် ကိုယ်စားပြုမှုကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နယ်အမတ်နေရာ ၃ ပုံ ၁ ပုံကို အနိုင်ရရှိခဲ့သည်။ ပြည်နယ်လွှတ်တော်အားလုံးတွင် တိုင်းရင်းသား/ဒေသခံပါတီများက လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး တစ်ဦးပါဝင်ပြီး တိုင်းရင်းသား/ဒေသခံပါတီ စုစုပေါင်း ၁၇ ခုက ကိုယ်စားပြုပါဝင်နိုင်ခဲ့သည်။




ကိုးကား-https://www.facebook.com/TheAsiaFoundationMyanmar/posts/405350864165688




ရခိုင်ပြည်နယ်လွှတ်တော်။ (ဓာတ်ပုံ - DMG)

# သက်တမ်းကုန်ခါနီး နိုင်ငံရေးပွတ်တိုက်မှုများဖြစ်လာသည့် ရခိုင်လွှတ်တော်

**နိုဝင်ဘာ ၂၆၊ ၂၀၂၀**

နိုင်ငံရေးပွတ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသည့် ရခိုင်ပြည်နယ်လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့ တင်သွင်းသည့် အရေးကြီးအဆိုများနှင့် ပတ်သက်၍ ပြည်နယ်အစိုးရက အကောင်အထည်ဖော်ရာတွင် အားနည်းခဲ့ကြောင်း ထောက်ပြဝေဖန်မှုများ လွှတ်တော်သက်တမ်းကုန်ဆုံးခါနီးအချိန်တွင် ထွက်ပေါ်လျက်ရှိသည်။

လက်ရှိ အစိုးရသက်တမ်း မကုန်ဆုံးမီ လွှတ်တော်၌ အတည်ပြုထားသည့် မေးခွန်းနှင့်အဆိုများကို ပြည်နယ်အစိုးရအနေဖြင့် အမြန်အကောင်အထည်ဖော်ရန် နိုဝင်ဘာ ၁၇ ရက်က ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် ဘူးသီးတောင်မြို့နယ် မဲဆန္ဒနယ်အမှတ် ၁ မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်မြင့်က အဆိုတင်သွင်းရာ နိုဝင်ဘာ ၂၀ ရက်တွင် ကန့်ကွက်သူမရှိ အတည်ပြုခဲ့ သည်။

အဆိုတင်သွင်းသူဦးဇော်ဇော်မြင့် တစ်ဦးတည်းကပင် ယခု လွှတ်တော်သက်တမ်းအတွင်း အဆို ၁၂ ခုနှင့် မေးခွန်းပေါင်း ၁၈ခု တင်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် နှစ်ခုကိုသာ အကောင်အထည်ဖော်ပေးကြောင်း သိရသည်။

"ပြည်နယ်အစိုးရအနေနဲ့ ဘောင်ထဲက လုပ်လို့မရတဲ့ သတ်မှတ်ချက်တွေလည်း ရှိကောင်းရှိမယ်။ ဒါပေမယ့် ပြည်နယ်အစိုးရအနေနဲ့ ပြည်ထောင်စုအစိုးရကို တကယ့်စေတနာနဲ့ ဌာနဆိုင်ရာတွေကို သေချာရှင်းလင်းတင်ပြမယ်ဆိုရင် ဖြစ်လာနိုင်တဲ့ စီမံကိန်းတွေ အကြောင်းအရာတွေ အများကြီးရှိတယ်။ အဲဒါကို အကောင်အထည်ဖော်ဆောင်ရွက်မှုက အရမ်းအားနည်းခဲ့တယ်" ဟု ၎င်းက ထောက်ပြသည်။

ရခိုင်လွှတ်တော် စာရင်းဇယားများအရ ၂၀၁၆ မှ ၂၀၂၀ နိုဝင်ဘာ ၂၃ ရက် အထိ လွှတ်တော်ကိုယ်စားလှယ် အသီးသီးတို့က လွှတ်တော် ပုံမှန်၊ အထူး၊ အရေးပေါ်စသည့် အစည်းအဝေးများ၌ ကြယ်ပွင့်ပြ မေးခွန်းပေါင်း ၈၁၇ ခု၊ ကြယ်ပွင့်မပြ မေးခွန်း ၄၀၅ နှင့် အဆိုပေါင်း ၇၂ ခုထဲမှ ၆၆ ခု အတည်ပြုထားပြီး မှတ်တမ်းအဖြစ်ထားသည့် အဆို ၇ ခုအထိ ရှိကြောင်း သိရသည်။

အတည်ပြုအဆို ၆၆ ခုတွင် ၃၀ ကျော်ကို လုပ်ဆောင်ထားသော်လည်း တချို့အဆိုများမှာ လုပ်ဆောင်မှု မပြီးပြတ်သေးကြောင်း၊ ကျန်အဆို ၃၀ ကျော်တို့ကို အစိုးရဘက်မှ လုံးဝမလုပ်ဆောင်ခဲ့ကြောင်း လွှတ်တော် စာရင်းဇယားများမှ သိရသည်။

ပြည်နယ်အစိုးရက လုပ်ဆောင်ပေးနိုင်ခဲ့သည့်အဆိုများမှာ စစ်ဘေးရှောင်အရေး အကူအညီပေးရေးအဆို၊ ရခိုင်တောင်သူများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ (၇) မြန်ဆန်နိုင်ရေးအဆို၊ မြောက်ဦး ရှေးဟောင်းဇုန်ကို ကမ္ဘာ့အမွေအနှစ် ယူနက်စကိုဝင်နိုင်ရေးအဆိုနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်အတွင်း ဒေသခံတောင်သူများ ထိခိုက်နစ်နာစေမှုမရှိစေရေးစသည့် အဆိုတို့ကို ဖြစ်သည်။

ပြည်နယ်အစိုးရ မလုပ်ဆောင်နိုင်ခဲ့သောအဆိုများမှာ မြောက်ဦးလေယာဉ်ကွင်းကိစ္စ၊ ပုဏ္ဏားကျွန်းစက်မှုဇုန် အကောင်အထည်ဖော်ဆောင်ရေးအဆို၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တောဒေသမှ ဒေသခံတိုင်းရင်းသား မျိုးနွယ်စုကျေးရွာများ ပြန်လည်ထူထောင်ရေးတို့အပြင် ရခိုင်စစ်ရေးပဋိပက္ခ

စာမျက်နှာ ၃ သို့

များနှင့် ဆက်စပ်သည့် နှစ်ဘက်တိုက်ပွဲများ အမြန်ဆုံးရပ်တန့်ပေးရေး အဆို၊ ရှေးဟောင်း သမိုင်းဝင်ဘုရားစေတီ ပရိဝုဏ်အတွင်း လက်နက်ကြီးများမပစ်ခတ်ရန်အဆို၊ တိုက်ပွဲ များအတွင်း အရပ်သားပြည်သူများ ထိခိုက် မှုမဖြစ်စေရေးစသည့်အဆိုတို့ ဖြစ်ကြသည်။

ပြည်နယ်အစိုးရအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စစ်ရေးပဋိပက္ခနှင့် ဆက်နွှယ်နေသည့် အဆိုများကို ဆောင်ရွက်ပေးရန် ခက်ခဲကြောင်း ပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်က ဧရာဝတီသို့ ပြောသည်။

"အဆိုတွေ၊ မေးခွန်းတင်တဲ့အထဲမှာ ခွဲခြမ်းစိတ်ဖြာဖို့တော့လိုမယ်။ ၂၀၀၈ ဖွဲ့စည်းပုံအရ ဒါက ပြည်နယ်အစိုးရကို လုပ်ပိုင်ခွင့်ပေးထားတာလား။ ပြည်ထောင်စုအစိုးရကို လုပ်ပိုင်ခွင့်ပေးထားတာလားဆိုတာမျိုးလည်း ရှိသေးတာကိုး။ ကျွန်တော်တို့ကတော့ လုပ်ပေးလို့ရတဲ့ဟာတွေကို လုပ်ပေးထားတယ်" ဟု ၎င်းကဆိုသည်။

သို့သော် USDP ပါတီမှ ဦးဇော်ဇော်မြင့်ကမူ အရေးကြီးအဆိုများထဲတွင် ဘူးသီးတောင်၊ မောင်တောဒေသရှိ တိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရန် အစီအမံများ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မှာ လုံခြုံစိတ်ချရသော နယ်စပ်ခြံစည်းရိုးကိစ္စအပြင် ကျောက်ဖြူမြို့အတွင်း အဏ္ဏဝါဗေဒ (Marine Biology)နှင့် ပတ်သက်သည့် တက္ကသိုလ်တစ်ခုဖွင့်လှစ်ရန်စသည့် အဆိုများကို မလုပ်ပေးခဲ့ကြောင်းလည်း ဦးဇော်ဇော်မြင့်က ဆိုသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့နယ် မဲဆန္ဒနယ် အမှတ် ၂ ရခိုင်အမျိုးသားပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းတင်ကလည်း ပြည်နယ်အစိုးရအနေဖြင့် ပြည်သူ့ကိုယ်စားပြုအဆိုများကို လုပ်ဆောင်မှု အားနည်းခဲ့ကြောင်း ထောက်ပြသည်။

"ပုဏ္ဏားကျွန်းစက်မှုဇုန် အကောင်အထည်ဖော်ရေးအတွက် ကျွန်တော် အဆိုတင်သွင်းခဲ့တယ်။ အဲဒီမှာလည်း အစိုးရအဖွဲ့က ၁ နှစ်အတွင်း အမြန်ဆုံးအကောင်အထည်ဖော်မယ်ဆိုပြီးတော့ အစိုးရအဖွဲ့က ကတိကဝတ်ပြုခဲ့ပါတယ်။ ဒါပေမယ့် ဒီနေ့အထိ အကောင်အထည်မပေါ်သေးပါ။ အစိုးရက နောက်ဆုံးအကြောင်းပြန်တာက နယ်မြေလုံခြုံမှုမရှိတဲ့အတွက် ဒီစက်မှုဇုန်ကိစ္စကို အကောင်အထည် မဖော်နိုင်ဘူးဆိုပြီးတော့ ရှင်းလင်းတယ်" ဟုဆိုသည်။

ယင်းအဆိုမှာ အစိုးရသက်တမ်းအစတုန်းက တင်သွင်းခဲ့ခြင်းဖြစ်ပြီး ထိုအချိန်၌ စစ်ရေးပဋိပက္ခများလည်း မရှိသေးကြောင်း ဦးအောင်သန်းတင်က ဆိုသည်။

ဆက်လက်ပြီး ၎င်းက "ဒီစက်မှုဇုန် အကောင်အထည်ဖော်ဖို့အတွက် ပထမအကြိမ် အစိုးရလက်ထက်က မြေနေရာတွေ လုပ်ထားပြီးပြီ။ စက်မှုဇုန်အတွက် ကျောက်ဖြူအများပိုင်ကုမ္ပဏီကို တင်ဒါလည်းပေးပြီးပြီ။ ကုမ္ပဏီကလည်း အစိုးရအပေါ်မှာ စာရင်းဇယားတွေလည်း အကုန်လုံးသွင်းထားခဲ့ပေမယ့် ဒါကိုဖျက်လိုက်တယ်။ နယ်မြေလုံခြုံရေးကြောင့် တင်ဒါမခေါ်တာ မဟုတ်ဘဲ။ မလုပ်နိုင်ခဲ့တာဖြစ်တယ်"ဟုဆိုသည်။

သို့သော် ပုဏ္ဏားကျွန်းစက်မှုဇုန် စီမံကိန်းနှင့်ပတ်သက်၍ တင်ဒါအောင်သည့် ကုမ္ပဏီက နောက်ဆုတ်ခဲ့သည့်အပြင် နောက်ပိုင်းစစ်ရေးပဋိပက္ခများကြောင့် အကောင်အထည်မဖော်နိုင်ခြင်းဖြစ်ကြောင်း ပြည်နယ်အစိုးရကဆိုသည်။

ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဦးဝင်းမြင့်က "စီမံကိန်းလုပ်ဆောင်ဖို့ လျှောက်လွှာလာတင်ပြီး သူတို့အချင်းချင်းကွဲတော့ ဒီအစီစဉ်ပျက်သွားတယ်။ နောက်ပိုင်း ရင်းနှီးမြှုပ်နှံမယ့်သူ လိုက်ရှာတဲ့အခါ နောက်တစ်ဖွဲ့ လာတင်သေးတယ်။ ပြင်ဆင်နေချိန်မှာ သူတို့အဖွဲ့ကထပ်ကွဲတယ်။ အလုပ်မဖြစ်တဲ့အခါ နည်းနည်းကြာသွားပြီးတော့ နောက်ပိုင်း စစ်ပွဲတွေဖြစ်လာတဲ့အခါ စိတ်ဝင်စားသူတွေလည်း နည်းပါးသွားသလို ကျွန်တော်တို့ဘက်ကလည်း အကောင်အထည်ဖော်ဆောင်ပေးရမယ့်အပိုင်းမှာ အခက်အခဲတွေနဲ့ တွေ့ခဲ့ရတယ်"ဟု ပုဏ္ဏားကျွန်းစက်မှုဇုန်စီမံကိန်းနှင့်စပ်လျဉ်း၍ ဧရာဝတီသို့ပြောသည်။

သို့သော် ဦးအောင်သန်းတင် ဆွေးနွေးချက်ထဲတွင် လွှတ်တော်မှ အတည်ပြုပြီးသားဖြစ်သော ရခိုင်ပြည်နယ်အတွင်း အခွန်ငွေ အပိုရရှိရန် ဘေးတွဲဆိုင်ကယ် အမြန်ဆုံးပြေးဆွဲနိုင်ရေးအတွက် စည်ပင်သာယာရေးဥပဒေတစ်ခုရေးဆွဲရန်အဆိုနှင့် ယိုးတရုပ်ကျေးရွာကို မြို့အဖြစ် မသတ်မှတ်နိုင်ခြင်းစသည့်အဆိုများလည်း အကောင်အထည်မဖော်နိုင်ခဲ့ကြောင်းလည်း ပါဝင်သည်ကို တွေ့ရသည်။

အစိုးရအဖွဲ့တာဝန်ရှိသူ ၁ ဦးကမူ ရခိုင်အစိုးရအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းနှင့်အဆိုများကို အလေးထား ဆောင်ရွက်ခဲ့ကြောင်းနှင့် လက်ရှိအစိုးရသက်တမ်းတွင် ရခိုင်မြောက်ပိုင်း မောင်တောမြို့မှ တောင်ပိုင်း ဂွမြို့နယ်အထိ ဖွံ့ဖြိုးရေးအဆောက်အဦများ လျင်မြန်စွာ တိုးတက်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် အဆိုမေးခွန်းတို့ကိုလည်း သက်တမ်းမကုန်ခင်တတ်နိုင်သလောက် ကြိုးစားလုပ်ဆောင်ပေးသွားမည် ဖြစ်ကြောင်း နိုဝင်ဘာ ၂၀ ရက်လွှတ်တော်တွင် ဖြေကြားခဲ့သည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က "ရခိုင်ပြည်နယ်လွှတ်တော်က တိုက်တွန်းတဲ့ မေးခွန်းတွေ၊ အဆိုတွေကို ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ လှိုက်လှိုက်လှဲလှဲကြိုဆိုပြီး အလေးထား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းအဆိုတွေကိုလည်း လျင်မြန်စွာ တင်ပြနိုင်ခဲ့ကြပါတယ်။ အကောင်အထည်ဖော်လို့ရတဲ့ ကိစ္စရပ်များကိုလည်း ဝမ်းသာအားရနဲ့ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ဖို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ရပ်ကျေးအထိ ညွှန်ကြားဆောင်ရွက်နေပါတယ်။ အခုဟာလည်း အစိုးရအဖွဲ့အနေနဲ့ ပွတ်တိုက်မှုလို့ မယူဆဘဲ အကောင်းဖက်ကို တွန်းအားပေးတယ်လို့ ခံယူပါတယ်" ဟုဆိုသည်။

နိုင်ငံရေး လေ့လာသုံးသပ်သူတို့ကမူ လက်ရှိရခိုင်လွှတ်တွင် ရခိုင်ပါတီအများစုမှ ကိုယ်စားလှယ်များဖြစ်နေခြင်းနှင့် အစိုးရဘက်တွင် NLD ဖြစ်နေခြင်းကြောင့် ၎င်းတို့ကြားတွင် မတူညီသော အတိုက်အခံစဉ်းစားမှုတို့နောက်တွင် ပွတ်တိုက်မှုဖြစ်နေရခြင်းဟုပြောဆိုကြသည်။

လက်ရှိ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်း၊ မေးမြန်းသည့်အဆိုများမှာ ရခိုင်ပြည်နယ်အတွင်း အလွန်အရေးကြီးသည့် အခြေခံအဆောက်အဦ၊ လယ်ယာ၊ သားငါးကဏ္ဍ၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအပါဝင် စစ်ရေးပဋိပက္ခစသည့် မေးခွန်းအဆိုတို့မှာ ပြည်သူများအတွက် အလွန်အရေးကြီးသည့်အတွက် အစိုးရအနေဖြင့် ဆောင်ရွက်မှု အားနည်းခြင်း ကတိကဝတ်များ ပျက်ပြားခြင်းလည်းဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ဝေဖန်နေကြခြင်းဖြစ်သည်ဟု သိရသည်။

**ကိုးကား:-https://burma.irrawaddy.com**